MONTHLY

# NEWSLETTER

VOLUME [ 2 ] 1st - 29th FEBRUARY - 2020

AYA SOMPO insurance


## AYA SOMPO Insurance ကုမ္ပဏီအမှတ်တံဆိပ်အား Myanmar National League Partnership နှင့်အတူစတင်မိတ်ဆက်ခြင်း 02

Corporate Planning Department

## "2nd Myanmar Project Management Symposium" ပွဲကို AYA SOMPO Insurance မှ Conference Sponsor အနေဖြင့်ပံ့ပိုးကူညီ... 04

Corporate Planning Department

## Insurable Interest 06

「အရာဝတ္ထုတစ်ခုခု သို့မဟုတ် တစ်စုံတစ်ဦးနှင့် ငွေရေးကြေးရေးအရ ဆက်စပ်လျက်ရှိသည်ဟု ဆိုလိုခြင်း....」

HR Department

## Movie Date with AYA SOMPO Insurance 08

「ဝန်ထမ်းများ၏ စိတ်အပန်းပြေပျော်ရွှင်စေရေး၊ ဝန်ထမ်းအချင်းချင်း ပိုမိုရင်းနှီးလာစေရေး........」

HR Department

## မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများအတွက် ——ကိုယ်အင်္ဂါထိခိုက်မှုအာမခံ 10

「ကိုယ်အင်္ဂါထိခိုက်မှုအာမခံဆိုတာက မတော်တဆမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နစ်နာဆုံးရှုံးမှုတွေအတွက် ................」

U Sopyay Aung Win





No.23, Kan Yeik Thar Road,
Tha Pyay Gone Ward,
Mingalar Taung Nyunt Township,
Yangon(East), Yangon, Myanmar.

info@ami-insurance.com

**Customer Service:**
csinfo@ami-insurance.com

**Website Link:**
www.ami-insurance.com

+95-9-966662883

# AYA SOMPO Insurance ကုမ္ပဏီအမှတ်တံဆိပ်အား Myanmar National League Partnership နှင့်အတူစတင်မိတ်ဆက်ခြင်း

"AYA SOMPO အနေဖြင့် Myanmar National League Partnership နှင့်အတူ စာချုပ်ချုပ်ဆိုပြီး စတင်မိတ်ဆက်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ Myanmar National League နှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အနာဂတ်တွင် မြန်မာ့ဂုဏ်ဆောင် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက်လည်း AYA SOMPO မှ ပါဝင်ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း......"

AYA SOMPO Insurance သည် AYA Bank ၊ AIA Myanmar တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် Myanmar National League Partnership စာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ Partnership သည် Myanmar National League ၏ ၂၀၂၀ ရာသီမှ စတင်ကာ နှစ်ပေါင်းများစွာ လက်တွဲသွားမည်ဖြစ်ပြီး Myanmar National League မှစီစဉ်သော နိုင်ငံ၏ထိပ်တန်းပရော်ဖက်ရှင်နယ် လိဂ်များဖြစ်သည့် MNL-1 နှင့် MNL-2, MFF Charity Cup, General Aung San Shield နှင့် Myanmar National Youth League တို့မှတစ်ဆင့် Brand မြှင့်တင်နိုင်မည့် အခွင့်အရေးများကို ဖော်ဆောင်သွားမည်ဖြစ်သည်။



“AYA SOMPO အနေဖြင့် Myanmar National League Partnership နှင့်အတူ စာချုပ် ချုပ်ဆိုပြီး စတင်မိတ်ဆက်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် မြန်မာနိုင်ငံ၏ နံပါတ်တစ် အားကစားဖြစ်သော ဘောလုံးလောက အောင်မြင်မှုရရှိရေး၌ တစ်ထောင့်တစ်နေရာမှပါဝင်ခွင့်ရတဲ့အတွက်ဂုဏ်ယူမိကြောင်း၊တိုင်းပြည်တွင် အားကစား လိုက်စားသော လူငယ်များအား ပံ့ပိုးပေးခြင်းဖြင့် အနာဂတ်တွင်လူငယ်များအနေဖြင့် စိတ်ဓါတ်ခွန်အား တက်ကြွခြင်းနှင့်အတူ လူမှုဆက်ဆံရေးများတွင် ပိုမို ကောင်းမွန်လာခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေနိုင်ရုံသာမက Myanmar National League နှင့်အတူ







ပူးပေါင်းဆောင်ရွက်၍ အနာဂတ်တွင် မြန်မာ့ဂုဏ်ဆောင်လူငယ်အားကစားသမားများပေါ် ထွက်လာစေရန်အတွက်လည်း AYA SOMPO မှ ပါဝင်ကူညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း” AYA SOMPO ၏ CEO ဖြစ်သူ ဦးမျိုးမင်းသူမှ ပြောကြားခဲ့ပါသည်။

မြန်မာနေရှင်နယ်လိဂ်၏ CEO ဖြစ်သူ ဦးစိုးမိုးကျော်မှလည်း “ AYA SOMPO နှင့် ယခုလို အတူလက်တွဲခွင့်ရတဲ့အတွက် ပျော်ရွှင်မိကြောင်းနှင့် ယခုလိုကူညီပံ့ပိုးပေးကြတဲ့အတွက်ကြောင့်လည်း အားကစားသမားတွေရဲ့ စိတ်ဓါတ်ခွန်အားတွေ ပိုမိုမြင့်တက်လာနိုင်ပြီး အနာဂတ်တွင် အောင်မြင်မှုပန်းတိုင်ကို အတူတကွ လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

Corporate Planning Department

AYA SOMPO insurance

Your Partner for Life

# "2nd Myanmar Project Management Symposium"

## AYA SOMPO Insurance မှ Conference Sponsor အနေဖြင့် ပံ့ပိုးကူညီ...




"၂၀၂၀-ခုနှစ်၊ဇန်နဝါရီလ(၁၉)ရက်နေ့တွင် "2nd Myanmar Project Management Symposium" ပွဲကို ရန်ကုန်မြို့ Lotte Hotel တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပွဲကို AYA SOMPO အာမခံမှ Conference Sponsor အနေဖြင့် ပံ့ပိုးကူညီပေးထားပြီး နယ်ပယ်အသီးသီးမှ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များက Project Management ဆိုင်ရာ အတွေးအခေါ်များ၊ နောက်ဆုံးပေါ်မဟာဗျူဟာများနှင့် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို အခြေခံ၍ လုပ်ငန်းများအတွက် အောင်မြင်မှုကို တက်လှမ်းနိုင်မယ့် နည်းလမ်းများ၊ လူသားတို့၏






တီထွင် လုပ်ဆောင်နိုင်စွမ်းနှင့် ဒီဂျစ်တယ်နည်းပညာပြောင်းလဲမှုများ၊ နောင်အနာဂတ်၏ စီးပွါးရေးအခြေအနေနှင့် ပြောင်းလဲလာသော ဈေးကွက်စီးပွါးရေး အခြေအနေများကိုဆွေးနွေး၍အတွေ့အကြုံများဖလှယ်ခဲ့ကြပါသည်။

Corporate Planning Department













" နယ်ပယ်အသီးသီးမှ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များက Project Management ဆိုင်ရာအတွေးအခေါ်များ နောက်ဆုံးပေါ်မဟာဗျူဟာများနှင့် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။





# Insurable Interest...

"အာမခံလောကတွင်မူ "Interest" ဟူသည်မှာ အရာဝတ္ထု တစ်ခုခု သို့မဟုတ် တစ်စုံတစ်ဦးနှင့် ငွေရေးကြေးရေးအရ ဆက်စပ်လျက်ရှိသည်ဟု ဆိုလိုခြင်း....."

"Interest" ဟူသော စကားရပ်တွင် အဓိပ္ပာယ် အမျိုးမျိုးရှိသည်။ အာမခံလောကတွင်မူ "Interest" ဟူသည်မှာ အရာဝတ္ထု တစ်ခုခု သို့မဟုတ် တစ်စုံတစ်ဦးနှင့် ငွေရေးကြေးရေးအရ ဆက်စပ်လျက်ရှိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ အာမခံထားရှိထားသော ပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်တို့နှင့် တရားဝင် ဆက်စပ်လျက်ရှိပြီး အာမခံထားရှိမှုပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။

အာမခံထားရှိသော ပစ္စည်း ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းများကြောင့် ငွေရေးကြေးရေး သို့မဟုတ်အခြားသော မည်သို့သော ဆုံးရှုံးမှုများမဆို လူတစ်ဦးမှ ခံစားရပြီးဆိုပါလျှင် ထိုသူနှင့် ထိုပျက်စီးဆုံးရှုံးသော ပစ္စည်းအကြား insurable interest ရှိသည်ဟုဆိုသည်။

Insurable interest ရှိသည်ဆိုသည်မှာ ထိုပစ္စည်းအပေါ် ပိုင်ဆိုင်မှု၊ တိုက်ရိုက် ဆက်ဆံရေးများဖြစ်သည်။ ဥပမာအားဖြင့် လူတစ်ယောက်တွင် ၎င်းပိုင်ဆိုင်သော အိမ်၊ ယာဉ်တို့အပေါ်တွင် insurable interest ရှိသည်။ သို့သော် အိမ်နီးချင်းများသည် လွန်စွာရင်းနှီးကြပြီး သူစိမ်းများ မဟုတ်သော်လည်း ၎င်းအိမ်နီးချင်း ပိုင်ဆိုင်သော အိမ်၊ ကားအပေါ်တွင် insurable interest မရှိပါ။

## Insurable interest ၏ အကျိုးသက်ရောက်မှုများ (အခြေအနေအမျိုးမျိုးမှ ဖြစ်ပွားလာမှု)

(၁) လူပုဂ္ဂိုလ်အာမခံထားခြင်း

လူတိုင်းတွင် မိမိ၏ အသက်၊ ခြေလက်အင်္ဂါများ အပေါ်တွင် insurable interest ရှိသည်။ ထို့အတူ ၎င်း၏ အိမ်ထောင်ဘက်နှင့် သက်ဆိုင်ပြီးလဲ insurable interest ရှိသည်။ ထို့အပြင် ၁၈နှစ်အောက် သားသမီးများ၏အသက်ကို အာမခံထားရှိနိုင်သော်လည်း ၁၈နှစ်ကျော်လွန်သော သားသမီး၏ အသက်အာမခံထားမှုအပေါ်တွင် insurable interest မရှိတော့ပေ။

(၂) ပိုင်ဆိုင်မှုဆိုင်ရာ အာမခံ (ရုပ်ဝတ္ထု ပစ္စည်းများ)

ဥပမာ အများစုများမှာ အလုံးစုံပိုင်ဆိုင်မှုများနှင့်သာ စပ်လျဉ်းမှုများ များပြားသည်။ အကောင်အထည်ဖော်သူများ၊ အုပ်ချုပ်သူများ၊ ယုံကြည်ရသူများ၊ ပေါင်နှံသူများမှာ အလုံးစုံသူ ပိုင်ဆိုင်သူများနှင့် နှိုင်းယှဉ်ပါက insurable interest နည်းပါးသည်။ ၎င်းတို့၏ စိတ်ချယုံကြည်ရသော ပိုင်ဆိုင်မှုများ၊ ပေါင်နှံထားသည့် ပိုင်ဆိုင်မှုများ ဖြစ်သည့် အိမ်ခြံမြေများကို အာမခံထားနိုင်သည်။

"စိတ်ချယုံကြည်ရသော ပိုင်ဆိုင်မှုများ၊ ပေါင်နှံထားသည့် ပိုင်ဆိုင်မှုများဖြစ်သည့် အိမ်၊ ခြံမြေများကို အာမခံထားနိုင်...."

## အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီလျှင် Insurable interest တည်ရှိသည်။

(1) လူတစ်ဦး၊ ပစ္စည်း၊ ပိုင်ဆိုင်မှု၊ တရားဝင် အခွင့်အရေးအရ (ဥပမာအားဖြင့် အကြွေးပေးသူအနေဖြင့် ပေးရန် တာဝန်ရှိသူ) အာမခံထားနိုင်စွမ်းရှိသူ ဖြစ်သည်။

ထိုသူ၊ ထိုပစ္စည်း အစရှိသည်ဖြင့် အာမခံထားနိုင်သော အရာဖြစ်သည်။ (ဆိုလိုသည်မှာ- ထိုသူ၊ ထိုပစ္စည်း မတော်တဆ ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံလျော်ကြေး တောင်းဆိုခွင့် ရှိခြင်း)

(2) အာမခံထားရှိသူသည် အာမခံထားသော ပစ္စည်းနှင့် တရားဝင်ဆက်နွယ်မှု ရှိရမည်။ ထို့ကြောင့် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပွားပါက ထိုဖြစ်ပွားမှုသည် အာမခံထားရှိသူအပေါ် သက်ရောက်မှုရှိသည်။ (သို့သော်လည်း insurable interest ငွေရေးကြေးရေးအရ ဆက်စပ်မှု ပြသရန် မလိုအပ်သော တရားဝင် ဆက်စပ်မှုမျိုးလည်းရှိသည်။) ဥပမာအားဖြင့် လူတစ်ဦးသည် ၎င်း၏ အိမ်ထောင်ဘက်၏ အသက်နှင့် ပတ်သက်ပြီး insurable interest ရှိသည်။)



## Insurable Interest ဖြစ်တည်ရန် တည်ဆောက်မှု

(၁) စာချုပ်စာတမ်းဖြင့် - (တစ်စုံတစ်ယောက်အား တစ်စုံတစ်ခုအပေါ်တွင် ပုံမှန်အားဖြင့် တာဝန်မရှိသော်လည်း တာဝန်ရှိစေရန် သဘောတူညီ စာချုပ်ချုပ်ဆိုခြင်း) အိမ်ပိုင်ရှင်သည် ၎င်း၏အိမ်ငှားထက် အိမ်ကို ထိန်းသိမ်းပြုပြင်ရန် တာဝန်ရှိသည်။ သို့သော်လည်း ငှားရမ်းစဉ်က အိမ်ငှားမှ ထိန်းသိမ်းစောင့်ရှောက်ရန် သဘောတူညီ စာချုပ်ချုပ်ဆိုပြီး ပြုပြင်ထိန်းသိမ်းခြင်း ပြုသည်မျိုးရှိသည်။ ထိုသို့သော သဘောတူစာချုပ် တည်ရှိမှုသည် ထိုအိမ်ငှားနှင့် ထိုအိမ်၏ အကျိုးစီးပွား ဆက်စပ်လျက်ရှိသည်ဟု ယူဆသည်။ ထိုအခါ ထိုအိမ်ငှားသည် insurable interest နှင့် စပ်လျဉ်း ဆက်စပ်လာသည်။

(၂) ထုံးတမ်းစဉ်လာ - insurable interest အဓိက အခြေခံလိုအပ်ချက်များ အလိုအလျောက် ပေါ်ပေါက်လာလျှင် ထုံးတမ်းစဉ်လာအရ ပေါ်ပေါက်လာသည်နှင့်တူညီသည်။ အရှင်းလင်းဆုံး ဥပမာမှာ ပိုင်ဆိုင်မှု ဖြစ်သည်။ အိမ်ပိုင်ရှင်သည် ထိုအိမ်ကို အာမခံထားနိုင်သကဲ့သို့ ထုံးတမ်းစဉ်လာအရ ထိုအိမ်ကို ထိန်းသိမ်းရန် တာဝန်ရှိသည်။ ထို့အတူ အများပြည်သူပိုင်နေရာတွင် ယာဉ်မောင်းသူသည် Third Party ထိခိုက်ဒဏ်ရာရမှုအတွက် ပို၍ တာဝန်ရှိသည်။

(၃) လွှတ်တော်မှ အတည်ပြုထားသော ဥပဒေ - တစ်ခါတစ်ရံတွင် အချို့သော အကျိုးခံစားခွင့်ပေးခြင်း၊ အခွန် ကောက်ခံခြင်းများအတွက် ပါလီမန်မှ insurable interest ကို သီးသန့်သတ်မှတ်ပေးသည်။ ထိုသို့သတ်မှတ်မှုများပြုလျှင် အခြားသောသတ်မှတ်မှုများနှင့် ကွဲပြားတိုက်ဆိုင်မှုများ မရှိစေရ။ ထိုသို့ သတ်မှတ်မှုများသည် တာဝန်ယူမှုများကို ကန့်သတ်မှုများ ရှိသကဲ့သို့ insurable interest များကိုလည်း ကန့်သတ်မှုများ ရှိနိုင်သည်။

အာမခံနှင့်ပတ်သက်သော သိကောင်းဖွယ်ရာဗဟုသုတများကို သိရှိနိုင်စေရန် ယခုလ၏ AYA SOMPO Newsletter တွင် "Insurable Interest" နှင့် ပတ်သက်သည့် အကြောင်းအရာများကို မျှဝေပေးလိုက်ပါသည်။

HR Department




"AYA SOMPO Insurance ကုမ္ပဏီတွင် လုပ်ကိုင်နေကြသော ဝန်ထမ်းများ၏ စိတ်အပန်းပြေပျော်ရွှင်စေရေး၊ ဝန်ထမ်းအချင်းချင်း ပိုမိုရင်းနှီးလာစေရေး၊ လုပ်ငန်းခွင် ပင်ပန်းနွမ်းနယ်မှုများ ပြေလျော့ပြီး စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာစေရေးများကို ရှေးရှု၍ အဆိုပါ Program ကိုကျင်းပပြုလုပ်......."

Employee Relation Program များထဲမှ တစ်ခုဖြစ်သော "Movie Date with AYA SOMPO Program" ကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် တာမွေမြို့နယ်ရှိ Mega Ace Cineplex (Shwe Baho) ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ပါသည်။ AYA SOMPO Insurance ကုမ္ပဏီတွင် လုပ်ကိုင်နေကြသောဝန်ထမ်းများ၏ စိတ်အပန်းပြေပျော်ရွှင်စေရေး၊ ဝန်ထမ်းအချင်းချင်း ပိုမိုရင်းနှီးလာစေရေး၊ လုပ်ငန်းခွင် ပင်ပန်းနွမ်းနယ်မှုများ ပြေလျော့ပြီး စွမ်းဆောင်ရည်များ တိုးတက် ကောင်းမွန်လာစေရေးများကို ရှေ့ရှု၍ အဆိုပါ program ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ program ကို ၁၇-၁-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ၃၁-၁-၂၀၂၀ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ပထမနေ့တွင် "မိန်းမတစ်ယောက်၏ ဖွင့်ဟဝန်ခံချက်" ရုပ်ရှင်ဇာတ်ကားကို ပြသခဲ့ပြီး ဒုတိယနေ့တွင် "Dolittle" ဇာတ်ကားများကို ပြသပေးခဲ့သည်။










"Movie Date with AYA SOMPO Program ကိုလည်း AYA SOMPO Insurance မှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပျော်ရွှင်တက်ကြွစွာ ပါဝင်ကူညီ ဆင်နွှဲပေးခဲ့သည့်အတွက် HR Department မှ ကျေးဇူးအထူးတင်ရှိပါကြောင်း ......

HR Department အနေဖြင့်လည်း ဝန်ထမ်းများအတွက် ပိုမိုတိုးတက်ကောင်းမွန်သော Employee Engagement Program များကို အမြဲ ဦးစားပေးစီစဉ်လျက်ရှိပြီး ယခု "Movie Date with AYA SOMPO Program" ကိုလည်း AYA SOMPO Insurance မှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပျော်ရွှင်တက်ကြွစွာ ပါဝင်ကူညီဆင်နွှဲပေးခဲ့သည့်အတွက် HR Department မှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် AYA SOMPO Insurance ၏ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပေးခဲ့သော ရုပ်ရှင်သရုပ်ဆောင် စိုင်းစည်သွမ်ခမ်း နှင့် ပိုင်ဖြိုးသု တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။



"နောင်ပြုလုပ်မည့် Employee Relation Programs များတွင်လည်း အားလုံး အတူတကွ ပူးပေါင်းပါဝင်ပေးကြစေလိုပါကြောင်း" ဖော်ပြလိုက်ပါတယ်။

HR Department





# မတော်တဆထိခိုက်ဒဏ်ရာရမှုများအတွက်

# —— ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

ကားတွေ သင်္ဘောတွေ အိမ်တွေသာမက လူတွေမှာလည်း မတော်တဆမှုဆိုတာ ကြိုတင်မမြင်နိုင်ပါဘူး။ အထူးသဖြင့် လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေအတွက်တော့ လုပ်ငန်းခွင် ထိခိုက်မှုဆိုတာ ဖြစ်နိုင်ခြေ ပိုများပါတယ်။

ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ သွားလာနေရတဲ့ အခြေနေတွေ၊ ရုံးတက်ရုံးဆင်း လမ်းမတွေပေါ်မှာ သွားလာနေရတဲ့ ဘဝတွေအတွက် မတော်တဆထိခိုက်နိုင်ခြေက အလွန်မြင့်မားနေပါပြီ ၂၀၁၈ ခုနှစ် စစ်တမ်းများအရ နိုင်ငံတစ်ဝှမ်းမှာ ယာဉ်မတော်တဆမှုပေါင်း ၁၇၀၀၀ကျော် ရှိခဲ့ပါတယ်။

မတော်တဆမထိခိုက်မှုတွေကြောင့် နစ်နာဆုံးရှုံးမှုတွေအတွက် ငွေကြေးအထောက်ပံ့တစ်ခု ပြန်ရနိုင်မယ့် ကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Personal Accident Insurance) အကာကွယ်ကို ကြိုတင်ပြီး ရယူထားသင့်ပါတယ်။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Personal Accident Insurance) ဆိုတာက မရည်ရွယ်ပဲဖြစ်တဲ့မတော်တဆမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ အသက်သေဆုံးခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ဆေးရုံတက်ရခြင်း စတာတွေအတွက် ငွေကြေးအထောက်အပံ့ ပြန်ရနိုင်တဲ့ အာမခံအမျိုးစားတစ်ခုပါပဲ။

အသက် ၁၆နှစ်ကနေ ၆၅နှစ်အတွင်း အာမခံထားလို့ရပါတယ်။ အာမခံသက်တမ်းကတော့ ၃ လ၊ ၆လ၊ ၁၂လ ဆိုပြီး ခွဲခြားဝယ်ယူနိုင်ပါတယ်။

> “ကိုယ်အင်္ဂါထိခိုက်မှုအာမခံဆိုတာက မတော်တဆမှုတွေကြောင့်ဖြစ်ပေါ်လာတဲ့ နစ်နာဆုံးရှုံးမှုတွေအတွက် ငွေကြေးအထောက်အပံ့တစ်ခု ပြန်ရနိုင်မယ့်......

အာမခံငွေပမာဏကတော့ အနည်းဆုံး ၅သိန်းကျပ် မှ အများဆုံး သိန်း ၂၀၀ အထိ ထားလို့ရပါတယ်။ အာမခံကုမ္ပဏီကို ပေးသွင်းရမယ့် ပရီမီယံကြေးကတော့ အာမခံထားငွေရဲ့ (၀.၇%) သို့မဟုတ် (၁%) ကို ပေးသွင်းရမှာပဲ ဖြစ်ပါတယ်။

လုပ်ငန်းခွင်ရဲ့အခြေအနေကမတော်တဆထိခိုက်မှု ဖြစ်နိုင်ခြေများရင် အာမခံငွေစုစုပေါင်းရဲ့ ၁ ရာခိုင်နှုန်း ပရီမီယံကြေးပေးသွင်းရမှာဖြစ်ပြီး သာမာန်လုပ်ငန်းခွင် အခြေအနေဆိုလျှင်တော့ ၀.၇ ရာခိုင်နှုန်းသာ ပေးသွင်းရမှာပဲ ဖြစ်ပါတယ်။

ဥပမာ - သိန်း (၁၀၀) အာမခံထားမယ်ဆိုရင် အလုပ်အကိုင်ရဲ့ အခြေနေပေါ်မူတည်ပြီး ပရီမီယံကြေးက တစ်နှစ်စာ ၁ သိန်း သို့မဟုတ် (၇၀,၀၀၀) ကျပ်သာကျသင့်မှာ ဖြစ်ပါတယ်။

ဒါဆိုရင် မတော်တဆမှုတစ်ခုခုဖြစ်လို့ အသက်သေဆုံးမယ် ဒါမှမဟုတ် ထာဝစဉ် မသန်စွမ်းဖြစ်မယ်ဆိုရင် သိန်း၁၀၀ လျော်ကြေးရမှာဖြစ်ပြီးတော့ ဒဏ်ရာရရှိမယ်ဆိုရင်တော့ ဆရာဝန်ရဲ့ ဆေးမှတ်ချက်ပေါ်မူတည်ပြီး သိန်း ၁၀၀ ရဲ့ ရာခိုင်နှုန်း အလိုက်လျော်ကြေးငွေရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မမျှော်လင့်ပဲ ဖြစ်ပေါ်လာနိုင်တဲ့မတော်တဆမှုတွေကို ကြိုတင်ကာကွယ်ထားဖို့လိုသလို မကာကွယ်နိုင်လိုက်မိတဲ့ အခါမှာလည်း ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့တစ်ခု ပြန်ရနိုင်ဖို့အတွက် ကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Personal Accident Insurance)ထားဖို့ လိုအပ်လာတယ်ဆိုတဲ့ အသိတစ်ခုကို ရှိထားသင့်ပါတယ်။

U Sopyay Aung Win
Business Development Manager
Business Division